တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၅) ရက်မြောက်နေ့အစီအစဉ်

(၉ - ၁၁ - ၂၀၂၆) (တနလၤာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးနိုင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ ကဒပွန်ကျေးရွာရှိ ချောင်းကမ်းပါးပြိုကျမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်၏ **အစိုးရဘဏ်များ၌ အပ်နှံငွေများအား လိုအပ်သလောက် ထုတ်ယူခွင့်ပြုနိုင်ရေးအတွက် မူဝါဒ၊ နည်းပညာ၊ ဝန်ဆောင်မှုများကျင့်သုံးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ အ.ထ.က(၁)ကျောင်း ခြံစည်းရိုးအနီးသို့ ပလက်ဖောင်းပြောင်းရွှေ့ရန် ရေတို၊ ရေရှည်အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်အေးအေးမြင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များရှိ ထားဝယ်ချောင် အမှိုက်ပုံကြီးအား မည်သည့် အချိန်တွင် အမြန်ဆုံးရွှေ့ပြောင်းပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမင်းခန့်ကျော်၊ ပဲခူးမဲဆန္ဒနယ်၏ **ပဲခူးတက္ကသိုလ် ဆောက်လုပ်ပြီးနောက် ကျန်ရှိသည့်မြေကောအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာမျိုးထွန်း၊ လားရှိုးမဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်ရှိ ဆရာ/ဆရာမ မပြည့်စုံသောကျောင်းများတွင် ဆရာ/ဆရာမ ခန့်ထားပေးနိုင်ရေး၊ ပညာရေး ကောလိပ်များတွင် ဒေသခံတိုင်းရင်းသားများ ပိုမိုတက်ရောက်ခွင့်ရရှိရေးနှင့် ပညာရေးဝန်ထမ်းများ ဌာနသို့ ပြန်လည်ဝင်ရောက်လိုပါက ဦးစားပေး ခန့်ထားနိုင်ရေးတို့အား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးအောင်ဆန်းလွင်၊ တနင်္သာရီမဲဆန္ဒနယ်၏ **မြိတ်မြို့တွင် ပညာရေးဒီဂရီ ကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးညွန့်ဝင်း၊ မြစ်ကြီးနားမဲဆန္ဒနယ်၏ **မြစ်ကြီးနားမြို့နယ်၊ အ-မ-က (၃)တွင် တစ်ထပ်ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးမြင့်စိုးဆင့်၊ မော်လိုက်မဲဆန္ဒနယ်၏ **မော်လိုက်မြို့၊ အခြေခံပညာမူလတန်း ကျောင်း၊ အမှတ် (၂) ၌ (၁) ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြမဲဆန္ဒနယ်၏ **မြောင်းမြမြို့နယ်၊ မူ(လွန်) ကွင်းပေါက်ကြီးကျောင်းအား (၁)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်၏ **မြို့သစ်မြို့နယ်၊ ဆားတဲကျေးရွာ၊ အလယ်တန်း ကျောင်း၌ (၂)ထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာလှတင့်၊ ဗဟန်းမဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေးမူဝါဒ (Zero– Tolerance Anti–Bullying and School Safety Policy)" တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို"** ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါက်တာနေလင်း၊ မှော်ဘီ မဲဆန္ဒနယ်၊

(ခ) ဦးခင်မောင်ချင်း၊ မြဝတီ မဲဆန္ဒနယ်၊

(ဂ) ဦးစိုင်းကျော်လှ၊ ကွန်ဟိန်း မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၊

(င) ဦးမြင့်ထွန်း၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၊

(စ) ဦးရဲထွန်းဝင်း၊ သရက်ချောင်း မဲဆန္ဒနယ်၊

(ဆ) ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ် မဲဆန္ဒနယ်၊

(ဇ) ဒေါ်ဇာခြည်လွင်၊ မိုးညို မဲဆန္ဒနယ်၊

(ဈ) ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၊

(ည) ဦးသက်နိုင်ဦး၊ ဘားအံ မဲဆန္ဒနယ်၊

(ဋ) ဦးဉာဏ်ဝင်းထိုက်၊ ဗိုလ်တထောင် မဲဆန္ဒနယ်။

၈။ ဒေါက်တာလှတင့်၊ ဗဟန်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၅) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၂၆) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။